**(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်**
**နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးမှ ဖတ်ကြားခဲ့သည့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊**
**နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ဂုဏ်ပြုသဝဏ်လွှာ**

အားလုံးပဲမင်္ဂလာပါ

အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာတိုးတက် မြင့်မားရေးအတွက် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက်ကျင်းပလျက်ရှိသော မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကိုအစဉ်အလာကောင်းများနှင့်အညီ (၁၉) ကြိမ်မြောက် အောင်မြင်စွာကျင်းပနိုင်ခြင်း အတွက် ဂုဏ်ပြုကြိုဆိုပါကြောင်း ဦးစွာပထမဖော်ပြလိုပါသည်။ ဤသို့သော ကောင်းမြတ်သည့် မင်္ဂလာအခါသမယတွင် တိုင်းရင်းဆေးသမားတော်ကြီးများ ကိုယ်စိတ် နှစ်ပါးကြည်လင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ တိုင်းရင်းဆေးသမားတော်များ စုံညီစွာစုစည်းပေါင်းဆုံလျက် မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ ထွန်းကားပြန့်ပွားရေး၊ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများအား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး တို့အတွက် နှလုံးစိတ်ဝမ်းညီမျှစွာဖြင့် ပညာရပ်များဆွေးနွေးဖလှယ်နိုင်ကြခြင်းသည် မြန်မာ့ တိုင်းရင်းဆေးပညာ လောကအတွက်

သာမကနိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ ထူးခြားကောင်းမွန်သည့် အကျိုးရလဒ်ကောင်းများဖြစ်ပေါ်စေမည်မှာမလွဲကေန်ပင်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ ရိုးရာအတွေးအခေါ်အယူအဆ၊ လူနေမှုစနစ်တို့နှင့် အပြန်အလှန် အကျိုးပြုယှဉ်တွဲဖြစ်ပေါ်လာခဲ့သည့် မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ် စစ်စစ်တစ်ရပ်ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ လူမျိုးများကို ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်မြင့်မားသောလူမျိုးများ ဖြစ်လာစေ ရအောင် သမိုင်းအစဉ်အဆက်စောင့်ရှောက်မြှင့်တင်ပေးလာခဲ့သည့် အစွမ်းထက်မြက်သော ဆေးပညာတစ်ရပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်သည်နှင့် အညီ နိုင်ငံတော်အစိုးရသည် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ်သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအပြည့်အဝစောင့်ရှောက်မှုပေးနိုင်သည့် ဆေးပညာရပ်တစ်ခု အဖြစ်သော်လည်းကောင်း အစွန့်ရှည်တည်တံ့ခိုင်မြဲပြီးနည်းလမ်းတကျ ဆက်လက် တိုးတက် ထွန်းကားစေရအောင် အလေးထားအား ပေးစောင့်ရှောက် နေခြင်းဖြစ်ပါသည်။

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင် ဖြစ်ရာ ကျန်းမာကြံ့ ခိုင်သော ပြည်သူတို့ကသာလျှင် နိုင်ငံ့အကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်မြှင့်တင် ပေးနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြှင့် တင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့အားကျန်းမာရေးစောင့်ရှောက်မှု

တိုးမြှင့် လွှမ်းခြုံပေးနိုင်ရေး တို့ကို အမျိုးသားကျန်းမာရေးဆိုင်ရာ မူဝါဒတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်မှ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးအားပေး ချီးမြှောက်လျက်ရှိရာမြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးရာတွင် တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးကုဌာနများတိုးချဲ့ဖွင့်လှစ်ပေးနေခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်အတွက် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုလည်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ပြည်တွင်း၌ထုတ်လုပ်သောတိုင်းရင်းဆေးဝါးများ အရည်အသွေးပြည့်ဝပြီး ပိုမိုကောင်းမွန်စေရန် အတွက် အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာက ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်သင်တန်းများနှင့် ပြည်သူလူထုအားတိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအသိပညာပေးနိုင်ရန် အိမ်ရှင်မများအတွက် အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းများဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် နိုင်ငံတော်ကချီးမြှောက်သည့်ယခုလိုမြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပြီး တိုင်းရင်းဆေးသမားတော်ကြီးများအားဂုဏ်ပြုလျက် ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ပြည်သူလူထုကျန်းမာရေးကိုတိုင်းရင်းဆေးဖြင့် ကုသစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါးများ

ထုတ်လုပ်ရေးဟူ၍ အရေးကြီးသောကဏ္ဍ(၂)ရပ် ပါဝင်လျက်ရှိပါသည်။ တိုင်းရင်းဆေးဖြင့် ကုသစောင့်ရှောက်ရေးကဏ္ဍတွင် တိုင်းရင်းဆေးပညာရှင်များ၊ အခြေခံအရင်းအမြစ်အဆင့်ဆင့် ဖွဲ့စည်းတည်ထောင်ခဲ့ရာမှ ယနေ့ခေတ်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရပညာရှင်အဆင့်သာမက မဟာဘွဲ့ရပညာရှင်များပါ မွေးထုတ် လေ့ကျင့်ပေးနိုင်ပြီဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းဖော်ပြအပ်ပါသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍတွင်လည်းရှေးယခင်ကမိသားစုရိုးရာတစ်ပိုင်တစ်နိုင်လုပ်ကိုင်ခဲ့ရာမှ ယနေ့ခေတ်အခါတွင် ISO/GMP လက်မှတ်ရတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်လို့ နှစ်ထောင်းအား ရကျေနပ်မိကြောင်းကိုလည်းဖော်ပြအပ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူ လူထုအတွက် တိုင်းရင်းဆေးပညာရှင် တို့၏ စွမ်းဆောင်မှုများကိုထိုက်တန်စွာ ချီးကျူးဂုဏ်ပြုပါ ကြောင်းကိုထပ်လောင်းဖော်ပြအပ်ပါသည်။

ယခုကျင်းပလျှက်ရှိသော (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးတွင်လည်းကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၊ နိုင်ငံတစ်နံတစ်လျားမှ တိုင်းရင်းဆေးပညာရှင်များ တွေ့ဆုံကြုံခိုက်မှာ ပြည်သူလူထု အတွက် တိုင်းရင်းဆေးပညာဖြင့်စောင့်ရှောက်နိုင်ရေးကိုသာရည်မှန်းချက်ထားရှိ၍ စုပေါင်းညီညာ ချစ်ခင်ရင်းနှီး

စွာဖြင့် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုး တိုးတက်မှုအရှိန်ကို မြှင့်တင်၍ ပြည်သူလူထု၏ ကျန်းမာရေးကိုတိုးမြှင့်စောင့်ရှောက် ပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဤတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သဝဏ်လွှာကိုဖတ်ကြားလို့ပြီးပါပြီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

DTM